myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 23, 2019 | Volume 22, Number 16

**၂၃.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၁၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၁၈.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၃.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၄၅ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မတ်ပဲနှင့် ပဲစင်းငုံဈေး တစ်တန်လျှင် ငါးသောင်းခန့်ကျ



အိန္ဒိယက ပဲအဝယ်နည်း၍ မတ်ပဲနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်ငါးသောင်းခန့် ဈေးကျလာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ဇူလိုင်လအတွင်းက မတ်ပဲတစ်တန်လျှင် ကျပ် ၈၃၀၀၀၀ ပေါက်ဈေးဖြစ်ခဲ့ရာ လက်ရှိတွင် တစ်တန်လျှင် ကျပ် ၇၃၀၀၀၀ကျော်သာရှိသည်။ ထို့အတူ ပဲစင်းငုံတစ်တန် ပေါက်ဈေးသည် ဇူလိုင်လအတွင်းက ကျပ် ၉၈၀၀၀၀ ရှိခဲ့ရာ လက်ရှိတွင် ကျပ် ၉၃၀၀၀၀ ခန့် ပေါက်ဈေးရှိနေသည်။ ဩဂုတ်လဆန်းပိုင်းကစပြီး ဈေးက နည်းနည်းချင်းစီ ကျလာတာပါ။ အိန္ဒိယက အထိုက်အလျောက် တင်သွင်းပြီးတော့ ဝယ်လိုအားလျော့သွားတဲ့အချိန် ပြည်တွင်းကလည်း ဆက်ပြီးရောင်းချင် နေတဲ့ အချိန်နဲ့တိုးသွားတဲ့သဘောပါဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယနိုင်ငံက မတ်ပဲဝယ်ယူမှုသည် ဇူလိုင်လအတွင်းက တစ်ပတ်လျှင် တန် ၄၀၀၀ အထိ ဝယ်ယူမှုရှိပြီး လက်ရှိတွင် တန် ၁၀၀၀ သာ ဝယ်ယူမှုရှိကြောင်း၊ ပဲစင်းငုံဝယ်ယူမှုသည် တစ်ပတ်လျှင် တန် ၂၀၀၀ အထိ ဝယ်ယူမှုရှိပြီး လက်ရှိတွင် တန် ၅၀၀ သာ ဝယ်ယူမှုရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းစာရင်း များအရသိရသည်။ ပြည်တွင်းတွင် ပဲစင်းငုံလက်ကျန်တန်ချိန် လေးသောင်းဝန်းကျင်ခန့် ကျန်ရှိနိုင်ပြီး မတ်ပဲသည် တန်ချိန်နှစ်သိန်းဝန်းကျင်ခန့် ကျန်ရှိသေးကြောင်း ဦးမင်းကိုဦးက ခန့်မှန်းပြောသည်။

အိန္ဒိယက ဝယ်မလိုနဲ့ မဝယ်ဘူးဖြစ်နေတော့ မတ်ပဲနဲ့ပဲစင်းငုံဈေးတွေကျနေ တယ်။ ဝယ်လိုအားနည်းနေတဲ့ သဘောပါ။ ပဲတီစိမ်းကလည်း တရုတ်ဘက် အဓိက ပို့တာ။ အဲဒီလမ်းကြောင်းက ရေကြီးပြီးပို့မရဖြစ်နေတော့ ဈေးကျတယ်။ မြေပဲ လောက်ပဲ ဈေးတက်နေတာ။ ကျန်ပဲတွေ ဈေးအကုန်ကျနေတယ်ဟု မန္တလေး ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဌ ဦးငွေအောင်က ပြောသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံက ၂၀၁၉ ခုနှစ်အတွက် ပဲစင်းငုံတန်ချိန် လေးသိန်းနှင့် မတ်ပဲတန်ချိန် တစ်သိန်းခွဲကို ပြည်ပမှတင်သွင်းမည်ဖြစ်ကြောင်း ကြေညာထားသည်။

မတ်ပဲကို အိန္ဒိယနှင့် မြန်မာနိုင်ငံတွင်သာ အဓိကစိုက်ပျိုးကြသဖြင့် အိန္ဒိယနိုင်ငံ၏ မတ်ပဲလိုအပ်ချက်ကို မြန်မာနိုင်ငံကသာ အဓိကတင်သွင်းနိုင်မည်ဖြစ်သည်။ အိန္ဒိယ နိုင်ငံက ပဲတင်သွင်းမှုကို ကိုတာ (ခွဲတမ်း)စနစ် အသုံးပြုတင်သွင်းနေသ၍ မြန်မာနိုင်ငံ တွင် ပဲကိုများစွာစိုက်ပျိုးရန်မသင့်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပဲဝယ်လိုမှုအပေါ် မြန်မာနိုင်ငံက မှီခိုနေရသေးကြောင်း ဦးမင်းကိုဦးကပြောသည်။ လက်ရှိတွင် အိန္ဒိယ နိုင်ငံအပြင် အခြားနိုင်ငံများကိုပါ ပဲတင်ပို့နိုင်ရန် ဈေးကွက်ချဲ့ထွင်နေသော်လည်း အခြားနိုင်ငံများသည် ပဲစားသုံးမှုနည်းပါးခြင်းကြောင့် တင်ပို့တန်ချိန် သောင်းဂဏန်း

သာရှိကြောင်း ဦးမင်းကိုဦးကဆိုသည်။ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ၊ ဒူဘိုင်း၊ တရုတ်နိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတင်ပို့ရောင်းချမှု အနည်းငယ်ရှိသည်။ မြန်မာ နိုင်ငံတွင် ပဲစဉ်းငုံသည် ဇန်နဝါရီ လဆန်းတွင်ထွက်ပြီး မတ်ပဲသည် မတ်လနှင့်ဧပြီလ အတွင်းထွက်သည်။ မြန်မာနိုင်ငံကထွက်နေသည့် မတ်ပဲနှင့်ပဲစင်းငုံ၏ ၉၂ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံက အဓိကဝယ်ယူလျက် ရှိသည်။

**Source:** https://myanmar.mmtimes.com/news/127313.html

## တရုတ်နှင့်ထိုင်းနိုင်ငံတို့ မှ အဝယ်လျော့သွားသည့်အတွက် ရေုတ်ဈေးနှုန်းကျဆင်း

တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ အဝယ်လျော့သွားသည့်အတွက် ပြည်တွင်းရေုတ်ဈေးနှုန်း ကျဆင်းနေကြောင်း မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်၏ ပြောကြား ချက်အရသိရသည်။ ယခင်ကတစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းကျော်အထိဈေးနှုန်းရှိခဲ့သည့် ရေုတ်နီတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ အထိသာ ဈေးနှုန်းရှိနေပြီး ရေုတ်စိမ်းတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဝန်းကျင်သာရှိကြောင်းသိရသည်။ လတ်တလောတွင် တရုတ်နိုင်ငံမှ ရေုတ်ထွက်ပေါ်ချိန်ဖြစ်သောကြောင့် ထိုင်းနိုင်ငံသို့ တင်ပို့နေသည့်အပြင် ပြည်တွင်း၌လည်း ရေကြီးရေလျှံမှုများရှိခဲ့သဖြင့် မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့နိုင်မှုနည်းပါးခဲ့သည်။

တရုတ်က မြန်မာ့ရေုတ်ထက် ဈေးပိုပေါနေတာလည်းပါတယ်။ တချို့ကျတော့လည်း ဝယ်လက်တချို့ ကြိုကြားရှိပေမယ့် မြဝတီဘက်မှာရေကြီးတော့ ဒိုင်တွေကအဝယ်ရပ်ကြတယ်ဟု ရေုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။ ပြည်တွင်း၌ ရေုတ်ကိုဒေသမျိုးများအပါအဝင် ပြည်ပမျိုးပေါင်း ခြောက်မျိုးခန့်စိုက်ပျိုးလျက် ရှိပြီး ပြည်တွင်းမှထွက်ရှိသည့် ရေုတ်များကို ဗီယက်နမ်၊ ထိုင်းနှင့်တရုတ်နိုင်ငံတို့သို့တင်ပို့လေ့ရှိကာ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့်နိုင်ငံတို့သို့ တင်ပို့ကြောင်းသိရသည်။

**Source:** http://myawady.net.mm/index.php/business/item/49021-2019-08-23-10-01-38


## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မွန်ပြည်နယ်၌ ဆားပိဿာ ၄၇ သိန်းကျော်ပျက်စီးပြီး ငွေကျပ်သိန်း ၇၀၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့

မွန်ပြည်နယ်အတွင်း ဩဂုတ် ၉ ရက်မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဆားပိဿာချိန် ၄၇၇၉၀၀၀ ပျက်စီးပြီး ငွေကျပ် ၇၁၆၈သိန်းကျော်ဖိုးဆုံးရှုံးခဲ့ကြောင့် မွန်ပြည်နယ်ဆားလုပ်ငန်းဦးစီးမှူး ဦးခင်စိုးကပြောကြား သည်။ ဆုံးရှုံးမှုအများဆုံးကတော့ သံဖြူဇရပ်မြို့နယ်ပါပဲ။ သံဖြူဇရပ်မြို့နယ်၊ ပင‌ကျေးရွာမှာ ဆားကိုဒေါင် ၃၄ လုံး ဆားပိဿာချိန် ၄၁၄၉၀၀၀ ၊ ကရုပ္ပီကျေးရွာမှာ ဆားကိုဒေါင် ၁၃ လုံးမှာ ဆားပိဿာချိန် ၆၁၀၀၀၀ နဲ့ မော်လမြိုင်မြို့မှာ ကိုဒေါင် တစ်လုံး ၊ ဆားပိဿာချိန် ၂၀၀၀၀ စုစုပေါင်း ဆားပိဿာချိန် ၄၇၇၉၀၀၀ ပျက်စီးပြီး ငွေကျပ် ၇၁၆၈ သိန်းကျော် ဆုံးရှုံးခဲ့တယ်။ ရေးမြို့နယ်မှာတော့ ဆားရှိပေမယ့် ပျက်စီးဆုံးရှုံးမှုမရှိဘူး။ အရင်ဆားတစ်ပိဿာ ကျပ် ၁၅၀၊ ၁၆၀ ရှိခဲ့ပေမယ့် အခုအချိန် ဆားတစ်ပိဿာကို ငွေကျပ် ၂၀၀ လောက်ဖြစ်နေပြီ။ နိုင်ငံခြားဆားက တစ်ထုပ်မှ ကျပ်၂၅၀ ပဲဆိုတော့ နိုင်ငံခြားဆားထက် ဈေးပိုမတက်နိုင်ပါဘူး။ ပြည်နယ်ရဲ့ ဆားထွက်နှုန်းက တစ်နိုင်ငံလုံးဆားထွက်နှုန်းရဲ့ ၂၀ ရာခိုင်နှုန်းပဲရှိတယ်ဆိုတော့ ဒီမှာ ဆားဈေးတက်တာ ျားရင် တခြားမြို့နယ်က ဆားတွေဝင်လာမှာပဲ။ ဒါကြောင့် ဆားဈေးက အများကြီးမတက်နိုင်ပါဘူးဟု ဦးခင်စိုးက ပြောကြားသည်။

မွန်ပြည်နယ်တွင် ၂၀၁၈ ခု နှစ်ကလည်း ရေကြီးမှုကြောင့် ဆားပိဿာချိန် ၂၆ သိန်းကျော် ပျက်စီးခဲ့ကြောင်း ဆားဦးစီးဌာန မှတ်တမ်းအရသိရသည်။ ထွက်သမျှဆားတွေကို ဂိုဒေါင်မှာထားတယ်ဆိုတော့ ကျွန်တော့်ရဲ့ ဆားတွေ နှစ်နှစ်စလုံးမှာ ဆုံးရှုံးတွေ ရှိခဲ့ပါတယ်ဟု ပင‌ကျေးရွာမှ ဆားလုပ်ငန်းရှင် နိုင်ဟုတ်ကပြောသည်။ မွန်ပြည်နယ်အတွင်း ဆားလုပ်ငန်းရှင် ၈၉ ဦးရှိရာ ယခုနှစ်တွင် ဆားလုပ်ငန်းရှင် ၄၀ ဦး၏ ဆားများဆုံးရှုံးသွားကြောင်း ဆားလုပ်ငန်းရှင်အသင်းမှသိရသည်။

**Source:** https://dailydemocracytoday.com/regional-news/333

## ဆန်နဲ့ပီလောပီနံကို အသုံးပြုပြီး အအေးသောက်ပိုက်တွေ တီထွင်လိုက်တဲ့ မလေးရှားကုမ္ပဏီ




သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့အကြောင်းရင်းတွေထဲမှာ ပလတ်စတစ် အလွန်အကျွံအသုံးပြုမှုဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပလတ်စတစ် အသုံးပြုမှုကို လျှော့ချဖို့အတွက် အအေးသောက်တဲ့အခါအသုံးပြုတဲ့ ပလတ်စတစ် ပိုက်တွေအစား ဆန်နဲ့ပီလောပီနံကိုသာအသုံးပြုပြီး ထုတ်လုပ်ထားတဲ့ အော်ဂဲနစ် ပိုက်တွေကို မလေးရှားကုမ္ပဏီတခုက တီထွင်ဖန်တီးလိုက်ပါတယ်။ သာမန် ပလတ်စတစ် အအေးပိုက်တွေဟာ ဆွေးမြည့်ပျက်စီးသွားဖို့အတွက် နှစ်ပေါင်း ၅၀၀ လောက်အချိန်ယူရပြီး အခုတီထွင်ထုတ်လုပ်လိုက်တဲ့ အော်ဂဲနစ်ပိုက်တွေကတော့ ပျက်စီးဖို့အတွက် ရက်ပေါင်း ၁၀၀ ခန့်သာ ကြာမြင့်မှာဖြစ်ပါတယ်။

မလေးရှားနိုင်ငံအခြေစိုက် Mistraws ကုမ္ပဏီဟာ သဘာဝကုန်ကြမ်းတွေဖြစ်တဲ့ ဆန်နဲ့ပီလောပီနံကို ၁၀၀ ရာခိုင်နှုန်း အသုံးပြုထားတဲ့ အအေးပိုက်တွေကို သဘာဝပတ်ဝန်းကျင်နဲ့ ကိုက်ညီစေဖို့ တီထွင်ထုတ်လုပ်လိုက်တာပါ။ သဘာဝ ကုန်ကြမ်းပစ္စည်းတွေကိုသာ အသုံးပြုထားတာကြောင့် ကျန်းမာရေးအတွက်လည်း ကိုက်ညီမှုရှိသလို ဒီအော်ဂဲနစ်ပိုက်တွေကို စားမယ်ဆိုရင်တောင် စားလို့ရလောက်တဲ့အထိ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ပိုက်တွေရဲ့အရွယ်အစားကို ဆိုဒ် ၃ မျိုး ၃ စား ခွဲကာ ထုတ်လုပ်ထားပြီး သိမ်းဆည်းသိုလှောင်ထားမယ်ဆိုရင် ၂ နှစ်ကျော်ကြာအထိ ရေရှည်ခံတယ်လို့ သိရပါတယ်။

အော်ဂဲနစ် အအေးပိုက်တွေဟာ ပလတ်စတစ်အအေးပိုက်တွေလောက်တော့ ကြာရှည်ခံမှာမဟုတ်ပေမယ့် အချိန် ၃ နာရီ ကနေ ၆ နာရီလောက်အထိ အရည်ပျော်ပျက်စီးသွားခြင်းမရှိဘဲ အသုံးပြုနိုင်မှာဖြစ်သလို မိမိသောက်သုံးတဲ့အရည်ကို အရသာ တစုံတရာ ပျက်ယွင်းသွားခြင်းမရှိဘဲ သောက်သုံးနိုင်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ Mistraws ကုမ္ပဏီအနေနဲ့ ဒီအော်ဂဲနစ်ပိုက်တွေ ရောင်းချမယ့်ဈေးနှုန်းကို မသတ်မှတ်ရသေးပေမယ့် ပလတ်စတစ်ပိုက်တွေ ရောင်းချတဲ့ဈေးနှုန်းနဲ့ သိပ်မကွာတဲ့ဈေးအတိုင်း ရောင်းချသွားမယ်လို့သိရပါတယ်။

**Source:**https://burma.irrawaddy.com/lifestyle/trend/2019/08/23/201689.html?fbclid=IwAR2S_2MUcWFRtHWjM1cacWNoylT6KtnMHjkFVjSv4FBeIwwwWUbuMuBy03M

## မြန်မာ့ပဲမျိုးစုံ အိန္ဒိယနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေးထား

မြန်မာ့ပဲမျိုးစုံ အိန္ဒိယနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများတွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ (၇) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီ (Joint Trade Committee-JTC) အစည်းအဝေးနှင့် (၆) ကြိမ်မြောက် India-CLMV Business Conclave အခမ်းအနားတို့အား မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပပြုလုပ်သွားနိုင်ရေးတို့လည်း ပါဝင်ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံမှာကျင်းပမယ့် ကုန်စည်ပြပွဲတွေမှာ မြန်မာလုပ်ငန်းရှင်တွေ ပါဝင်ပြသနိုင်ဖို့အပြင် ကုန်သွယ်ရေး တိုးမြှင့်နိုင်မယ့်အစီစဉ်တွေဖြစ်တယ်ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့တိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဈေးများ (Border Haats) ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍများအပါအဝင် ကုန်သွယ်မှုဆိုင်ရာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှပဲမျိုးစုံ၊ သစ်ပါးလွှာ၊ အထပ်သား၊ သစ်ခွဲသား၊ ရေချိုရေငန်းငါးများ အိန္ဒိယနိုင်ငံမှ ဆေးဝါးများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ သံမဏိပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်း တို့ကို တင်သွင်းကြောင်းသိရသည်။

ယင်းအပြင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်းများချမှတ်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် နယ်စပ်ဖြတ်ကျော် တိရိစ္ဆာန်ရောဂါတားဆီးနှိမ်နင်းရေးနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းသိရသည်။ အိန္ဒိယဘက်မှ အခွန်လျှော့ချရေးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှနည်းပညာအထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လျက်ရှိကြောင်းသိရသည်။ နှစ်နိုင်ငံအကြား လတ်တလောကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိနေပြီး ကဏ္ဍစုံတွင်ဖွံ့ဖြိုးတိုးတက်မည့်အလားအလာများ ဖော်ထုတ်ရေး၊ နှစ်နိုင်ငံနှင့်သက်ဆိုင်ရာ ဒေသတွင်းကုန်သွယ်ရေး အစီအစဉ်များအောက်မှ ကုန်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေရေး

အပါအဝင်ဈေးကွက်ရရှိမှု တိုးတက်လာရန်လည်း လိုအပ်ကြောင်းသိရသည်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု ပြုလုပ်လျက်ရှိသည့် နိုင်ငံပေါင်း ၄၉ နိုင်ငံအနက် အိန္ဒိယသည် အဆင့် ၁၁ ၌ ရပ်တည်နေပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ စီမံကိန်းပေါင်း ၃၀ ခန့်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2398009986951150?__tn__=K-R

## အိန္ဒိယ-မြန်မာအကြား နယ်စပ်ဇရိယာများတွင် ဈေး ၄ ခု ထူထောင်သွားဖွယ်ရှိနေ

မြန်မာနဲ့ထိစပ်နေလျက်ရှိသော အိန္ဒိယအရှေ့မြောက်ပိုင်းပြည်နယ်များတွင် နယ်စပ်ဈေးများ ထူထောင်သွားနိုင်ဖို့အတွက် အိန္ဒိယအစိုးရက ပြင်ဆင်နေတယ်လို့ သိရပါတယ်။ မြန်မာနဲ့အကြား နယ်စပ်ဒေသတစ်လျှောက်မှာ နယ်စပ်ဈေးလေးခု ထူထောင်သွားဖွယ်ရှိနေပြီး ယင်းဈေးတွေကြောင့်ဒေသ ကုန်သွယ်မှုကိုမြှင့်တင်ရာရောက်သလို၊ ယင်းဒေသတွေမှာ နေထိုင်ကြသူတွေရဲ့ အသက်မွေးမှုကိုလည်း တိုးတက်စေဖို့ရှိနေတယ်လို့သိရပါတယ်။

မြန်မာနဲ့အကြား နယ်စပ်ကုန်သွယ်မှုတွေလုပ်ဖို့အတွက် နယ်စပ်ဈေးလေးခု တည်ဆောက်မယ့်နေရာတွေကို ဖော်ထုတ်ထားပြီးဖြစ်ပါတယ်၊ မီဇိုရမ်ပြည်နယ် အရှေ့တောင်ဘက်မှာပါလို့ မီဇိုရမ်ပြည်နယ်ကူးသန်းရောင်းဝယ်ရေးနဲ့စက်မှုလုပ်ငန်းဝန်ကြီး R. Lalthangliana က ပြောပါတယ်။ ဒါဟာ ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက် နယ်စပ်ဈေးတွေ ထူထောင်ခြင်းကနေ အောင်မြင်မှုတွေရခဲ့တာကြောင့် ခုလိုမြန်မာနဲ့အကြား ထိစပ်နေတဲ့ မီဇိုရမ်မှာ အလားတူဈေးတွေ ထူထောင်ဖို့ဖြစ်လာတာဖြစ်တယ်လို့ ၎င်းကထပ်လောင်းပြောသွားပါတယ်။ ယခုကိစ္စနဲ့ပတ်သက်လို့ပြည်နယ်အစိုးရအနေနဲ့လည်း အသေးစိတ်အစီအစဉ် အဆိုပြုချက်တွေကို အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနဆီ ပေးပို့ထားပြီးဖြစ်တယ်လို့သိရပါတယ်။

**Source:** https://www.gulftoday.ae/.../india-and-myanmar-likely-to-set-...

SFJ Strategy First Journal

## တရုတ်တင်ပို့မည့်ငါးရှဉ့်များ ပုပ်သိုးကုန်၍ ကားရှစ်စီးစာစွန့်ပစ်ခဲ့ရ



ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်နှင့်မြောက်ပိုင်းလက်နက်ကိုင်တို့အကြား ဖြစ်ပွားလျက်ရှိသည့်တိုက်ပွဲကြောင့် မူဆယ်နှင့်ကွတ်ခိုင်အကြားတွင် ပိတ်မိနေသည့် တရုတ်သို့တင်ပို့မည့်ငါးရှဉ့်များ ပုပ်သိုးကုန်သောကြောင့် ကားရှစ်စီးစာ စွန့်ပစ်ဖျက်ဆီးခဲ့ရကြောင်း ဩဂုတ် ၂၁ ရက်က ငါးရှဉ့်ကုန်သည်များထံမှ ကြားသိရသည်။

မန္တလေးဘက်မှ ငါးရှဉ့်များတင်ဆောင် ထွက်ခွာလာသည့်ကားများမှာ မူဆယ်နှင့်ကွတ်ခိုင်အကြားတွင် ပိတ်မိနေခြင်းဖြစ်ပြီး လက်ရှိတွင် ကားစီးရေရှစ်စီးစာကို စွန့်ပစ်ဖျက်ဆီးပစ်လိုက်ရကြောင်း၊ တစ်စီးလျှင် ငါးရှဉ့် ၁၀ တန်ရှိကာ ကီလိုဂရမ်ဖြင့် ၁၀၀၀၀ ကီလိုဂရမ်အထိရှိသည်။ စီးရေ ၂၀ လောက် မန္တလေးကထွက်လာတာ။ ရှစ်စီးကသွန်ပစ်ရပြီ။ ကဏန်းတွေလည်း ပါတယ်။ ငါးရှဉ့်ကသေပြီဆို ပုပ်တာတအားမြန်တယ်။ ငါးရှဉ့်ဈေးက တစ်ကီလိုကို တရုတ် ငွေ ၄၄ ယွမ်၊ မြန်မာငွေနဲ့ဆို ကျပ် ၁၀၀၀၀ အထိရှိတယ်ဟု ကုန်သည်ဦးစိုင်းခင်မောင်ကပြောဆိုသည်။

လွန်ခဲ့သည့် ဩဂုတ် ၁၅ ရက်က ကျောက်မဲနှင့် နောင်ချိုကြားရှိ ဂုတ်တွင်းတံတား တိုက်ခိုက်ဖျက်ဆီးခံရခြင်းအပြင် ပစ်ခတ်မှုများဆက်လက်ဖြစ်ပွားနေသောကြောင့် ကုန်စည်တင်ဆောင်ထားသည့် ယာဉ်များမှာအသွားအလာမပြုလုပ်နိုင်သေးဘဲရပ်၍စောင့်ဆိုင်းနေရကြောင်း၊ လမ်းခရီးအသွားအလာများမပြုလုပ်နိုင်သောကြောင့် မူဆယ် ၁၀၅ မိုင် ကုန် သွယ်ရေးဇုန်တွင်လည်း ကုန်စည်များပြတ်တောက်လျက်ရှိကြောင်းသိရသည်။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် တရုတ်နိုင်ငံဘက်မှတင်သွင်းလာသည့် စားသောက်ကုန်၊ လယ်ယာသုံး သွင်းအားစုများ စသည့်ကုန်စည်များအပါအဝင် မြန်မာနိုင်ငံဘက်မှ

တရုတ်နိုင်ငံဘက်သို့ ပြန်လည်တင်ပို့သည့် လယ်ယာထွက်ကုန်ပစ္စည်းစုစုပေါင်း ကားစီးရေ ၄၀၀ ကျော်ကို နေ့စဉ်အသွား အလာပြုလုပ်နေရကြောင်း မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/127346.html

## ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး နည်းလမ်းသုံးခုဖြင့်ကြိုးပမ်းမည်



ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး ကန့်သတ်ချက်များ ဖြေလျှော့ခြင်း အပါအဝင် နည်းလမ်းသုံးခုဖြင့်ဆောင်ရွက်ရန် လာမည့်ဘဏ္ဍာရေး နှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင်လျာထားကြောင်း စိစစ်တွေ့ရှိ ရသည်ဟု ဥပဒေကြမ်းပူးပေါင်းကော်မတီအစီရင်ခံစာ၌ဖော်ပြသည်။ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်များကို ဩဂုတ် ၂၁ ရက်ကကျင်းပသည့် ပြည်ထောင်စု လွှတ်တော်သို့တင်ပြရာ ပြည်ပကုန်သွယ်ရေး အခြေအနေနှင့် ပတ်သက်ပြီး လေ့လာတွေ့ရှိချက်များကို လွှတ်တော်သို့ဖတ်ကြားတင်ပြခဲ့သည်။

ပို့ကုန်တိုးမြှင့်နိုင်ရေး ပို့ကုန်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ ပို့ကုန်တိုးတက်ရေး ကန့်သတ်ချက်များဖြေလျှော့ရန်နှင့် အခက်အခဲများကိုညှိနှိုင်းပေါင်းစပ်ဖြေရှင်းခြင်း၊ လယ်ယာစိုက်ပျိုးရေး နှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများမှ ထုတ်ကုန်များပြည်တွင်း၊ ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေး Trade Financing အစီအစဉ်များရရှိရေး ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းသုံးခုဖြင့်ဆောင်ရွက်ရန်လျာထားကြောင်းတွေ့ရသည်ဟုဆိုသည်။ ၂၀၁၉-၂၀ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းပါ အဓိကပို့ကုန်များသည် ချုပ်ပြီးအထည်၊ သဘာဝဓာတ်ငွေ့နှင့် လယ်ယာ ထွက်ကုန်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများဖြစ်ပြီး သွင်းကုန်များတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများသည် အဓိကအကျဆုံးဖြစ်သည်ဟု ကော်မတီအစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၁၅-၁၆ မှ ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အထိ ပြည်ပကုန်သွယ်ရေးအခြေအနေသည် ပို့ကုန်ပိုမိုတိုးမြှင့်လာနိုင်ပြီး ကုန်သွယ်မှု လိုငွေလျော့ကျရန် စီမံလျာထားကြောင်းတွေ့ရသည်ဟုလည်းပါရှိသည်။ လတ်တလောတွင် မြန်မာ-တရုတ်နယ်စပ် အခြေပြုလှုပ်ရှားသည့် မြောက်ပိုင်းလက်နက်ကိုင်သုံးဖွဲ့က မြန်မာနိုင်ငံ၏အဓိက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်သည့် မန္တလေး-မူဆယ်လမ်းပိုင်းရှိ တံတားအချို့ကို ဖျက်ဆီးခြင်းအပါအဝင် တိုက်ခိုက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှု လုပ်ငန်းများ ရပ်တန့်နေပြီး ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့သည်။တရုတ်နိုင်ငံမှ သွင်းကုန်ပစ္စည်းများသည် မြန်မာနိုင်ငံအတွက် မရှိမဖြစ် မဟုတ်ခြင်း၊ ထိုင်းအပါအဝင် အခြားနိုင်ငံများမှတင် သွင်းနိုင်ခြင်းကြောင့် သွင်းကုန်အတွက် မစိုးရိမ်သော်လည်း ပို့ကုန်အတွက်စိုးရိမ်မိကြောင်း၊ လုံခြုံရေးပိုင်းကို အမြန်ဆုံးထိန်းချုပ်နိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်မည်ဟု မျှော်လင့်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက ဩဂုတ် ၂၁ ရက် တွင် ပြောကြားထားသည်။

**Source:** https://www.7daydaily.com/story/164388

## ရွှေတစ်ကျပ်သား ၁၂၃၀၀၀၀ ကျပ်အထိ ရောက်ရှိ

ဧပြီလကစတင်၍ ဆက်တိုက်တက်လာသည့် ရွှေဈေးသည် လက်ရှိတွင် တစ်ကျပ်သားလျှင် ၁၂၃၀၀၀၀ ကျပ်အထိ မြင့်တက်လာပြီဖြစ်သည်။ ဧပြီ လဆန်းပိုင်းက အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀၅၀၀၀၀ ကျပ်နီးပါး ပေါက်ဈေးရှိရာမှ လက်ရှိတွင် ၁၂၃၀၀၀၀ အထိ ရောက်ရှိခဲ့ခြင်းဖြစ်ရာ ငါးလအတွင်း ကျပ်နှစ်သိန်းနီးပါး ဈေးမြင့်တက်လာခြင်းဖြစ်သည်။




အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲအခြေအနေများ၊ နိုင်ငံအချင်းချင်း စစ်ရေးတင်းမာမှုများကြောင့် စတော့ရှယ်ယာများ မတည်မငြိမ်ဖြစ်လျက်ရှိရာ ဒေါ်လာအပေါ် လူအများကယုံကြည်မှု လျော့ကျ လာပြီး ရွှေကို ဝယ်ယူစုဆောင်းလာကြကြောင်း၊ ထို့အတွက် ကမ္ဘာ့ရွှေဈေး မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်သည်။ ကမ္ဘာ့ရွှေဈေးကကျပေမဲ့ ဒေါ်လာဈေးကတက်လို့ ရွှေဈေးကထပ်တက်တာပါ။ ရွှေဈေးကပြန်ကျမှာပါ။ ဒီပေါက်ဈေးအတိုင်းချည်း မနေပါဘူး။ ဒေါ်လာဈေးကျတာနဲ့ ပြန်ကျမှာပါဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးမျိုးမြင့်ကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဩဂုတ် ၁၆ ရက်က အမေရိကန်ဒေါ်လာ ၁၅၂၁ အထိ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိတွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၉၈ ပေါက်ဈေးရှိနေသည်။ ယခုလ ၂၀ ရက်တွင် တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၅၂၂ ကျပ် ပေါက်ဈေး ရှိနေသည်။ ပြည်ပရွှေပေါက်ဈေးမြင့်တက်သဖြင့် ပြည်တွင်းရွှေပေါက်ဈေး မြင့်တက်ခြင်းမှာ ကောင်းသည့်အချက်ဖြစ်ပြီး ပြည်တွင်းရွှေဈေးလိုက်လံမြင့်တက်မှုမရှိပါက တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ပြည်ပသို့ ရွှေရောင်းဝယ်ဖောက်ကားမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးကျော်ဝင်းက ပြောကြားသည်။ ရွှေဈေးများမြင့်တက်နေသဖြင့် ပြည်တွင်းတွင် ရွှေအထည်၊ အဝယ်ကျဆင်းနေပြီး ရွှေဈေးတည်ငြိမ်မှုရှိစေရန် ရွှေဗဟိုဈေးကွက်ကို အမြန်ဖော်ဆောင်သင့်ကြောင်း ဦးကျော်ဝင်းကအကြံပြုသည်။

**Source:** https://myanmar.mmtimes.com/news/127316.html

## လက်ရှိဘဏ္ဍာနှစ် ဇူလိုင်အထိ ၁၀ လအတွင်း ပြည်ပသို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ၆၃၅ သန်းကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉ သန်းကျော် ပိုမိုရရှိထား



၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇူလိုင်လကုန်အထိ ၁၀ လအတွင်း ပြည်ပနိုင်ငံများသို့ မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၃၅ သန်းကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉ သန်းကျော် ပိုမိုရရှိထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ ၂၀၁၇ -၂၀၁၈ ခုနှစ် အောက်တိုဘာမှ ဇူလိုင်လအထိ ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၆၂၃ သန်းရရှိထားပြီး ၂၀၁၈ -၂၀၁၉ ခုနှစ် ကာလတူ နှိုင်းယှဉ်ချက်အရ ၂၉ ဒသမ ၄၆၉ သန်း တိုးတက်လာသည်ဟု သိရသည်။

ဒီနှစ်ပို့ကုန်မှာ တရုတ်ဘက်သွားတဲ့ ရေထွက်ကုန်တွေက ကမောက်ကမတွေဖြစ်ကုန်တော့ နည်းနည်းထိခိုက်မှုတော့ရှိတယ်။ မှန်းလို့မရတော့ဘူး။ လေးလအတွင်းမှာ ပုံမှန်အတိုင်းသွားရင်တော့ မနှစ်ကတင်ပို့မှုကို မှီနိုင်ဖို့အနေအထားတော့ရှိတယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ကပြောကြားသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ သဘာဝအတိုင်း ဖမ်းဆီးရမိသည့် ငါး၊ ပုစွန်များ တင်ပို့ခွင့်ရရှိထားသော်လည်း မွေးမြူသည့် ငါး၊ ပုစွန်များကို ယခုနှစ်တွင် တရုတ်ဘက်မှ အစားအသောက်ဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ကာတင်းကျပ်လိုက်ခြင်းကြောင့် တရုတ်သွင်းကုန်အဖွဲ့ GACC (General Administration of Custom of China) အဖွဲ့နှင့် မချိတ်ဆက်ရသေးသည် ငါး၊ ပုစွန်အမျိုးအစားအချို့ တင်ပို့ရန် အခက်အခဲရှိနေသည်။

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုတွင် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈၂ သန်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၂ သန်း၊ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၂ သန်း၊ ၂၀၁၇ -၂၀၁၈

ဘဏ္ဍာနှစ် မတ် ၁၈ ရက်အထိ အမေရိကန်ဒေါ်လာ သန်း ၆၈၀ ကျော်နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် မှ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်အထိ ဒေါ်လာသန်း ၇၂၀ ရရှိထားပြီး ဆယ်စုနှစ်အတွင်း တင်ပို့မှုအများဆုံးရရှိထားသည်ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်း ဦးစီးဌာနမှသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ငါး၊ ပုစွန်၊ ကဏန်းစသည့်ငါးမျိုးစုံကို ထိုင်း၊ တရုတ်၊ ဆော်ဒီ၊ ဂျပန်စသည့် နိုင်ငံပေါင်း ၄၀ ကျော် ကိုတင်ပို့လျက်ရှိပြီး ပြည်ပသို့ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကက်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့်အမျိုးအစား ၂၀ ကျော်ကို တင်ပို့လျက်ရှိသည်ဟုသိရသည်။ လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်ပစ္စည်း တင်ပို့နေသည့်ပမာဏသည် အိမ်နီးချင်းနိုင်ငံများမှ တင်ပို့နေသောပမာဏနှင့်နှိုင်းယှဉ် ပါက အလွန်နည်းနေသေးကြောင်း၊ ထိုကြောင့် တင်ပို့မှုပမာဏကိုမြှင့်တင်ရာတွင် သဘာဝမှဖမ်းဆီးရောင်းချခြင်းထက် မွေးမြူရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်ကာ တင်ပို့သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

**Source:** https://news-eleven.com/article/129936

## တောင်ကြီး၌ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်သူများ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း ထောပတ်သီးစိုက်ပျိုးထုတ်လုပ်သူများ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်တွင် တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို တစ်ရက်တာကျင်းပပြီး ဒေသ တွင်း ထောပတ်သီးစိုက်တောင်သူများ တက်ရောက်ဆွေးနွေးသည်။ ထောပတ်စိုက်ပျိုးထုတ်လုပ်မှုကနေ ဈေးကွက် စားသုံးသူ၊ သုံးစွဲသူလက်ထဲရောက်ရှိတဲ့အထိ နည်းစနစ်ကျနမှန်ကန်စွာ ဆောင်ရွက်တတ်လာစေရန် ရည်ရွယ်ကျင်းပတာပါ ဟု ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံဘဏ္ဍာဝန်ကြီး ဦးစိုးညွန့်လွင်ကပြောသည်။

ထောပတ်သီးစိုက်ပျိုးမှု အခြေအနေ၊ ပြည်တွင်း၊ ပြည်ပဈေးကွက်၊ ဈေးနှုန်းအခြေအနေ၊ တရားဝင်တင်ပို့ခြင်း အကျိုး ကျေးဇူး၊ ထောပတ်စိုက်ပျိုးခြင်းနှင့် ပိုးမွှားအန္တရာယ်ကာကွယ်နည်းအစရှိသည်တို့ကိုထောပတ် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနှင့် တောင်သူများဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်သည့် ဟိုပုံးမြို့နေ ထောပတ်စိုက် တောင်သူတစ်ဦးက ထောပတ်ကိုင်းဆက်နည်းတွေ၊ နောက်မျိုးကောင်းတွေရရှိဖို့၊ ဈေးကွက်အခြေအနေတွေ ဆွေးနွေးခဲ့ တယ်။ တောင်သူတွေအတွက် အကျိုးဖြစ်ပါတယ်ဟုပြောသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းတောင်ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ထောပတ်စိုက်တောင်သူများအပါအဝင် လူ ၁၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့သည်။

**Source:** https://www.7daydaily.com/story/164359

## ဖရဲနှင့်သခွားမျိုးစေ့များ လုံလောက်စွာမရ၍ တောင်သူများအခက်ကြုံ

စိုက်ပျိုးရာသီချိန်တိုင်း ဖရဲနှင့်သခွားမျိုးစေ့များ လုံလောက်စွာမရရှိကြသဖြင့် အခက်အခဲကြုံတွေ့နေရကြောင်း တောင်သူ များကပြောသည်။ အရည်အသွေးကောင်း ထွက်နှုန်းမြင့် မျိုးကောင်းမျိုးသန့်များကို သုတေသနများပြုလုပ်ပြီး ပြည်တွင်း၌ ထုတ်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများက အကြံပြုသည်။ မျိုးကတစ်သမတ်တည်း အရည်အသွေးနဲ့တွက်ထားလို့မရသလို ပေါက်ဈေးအခြေအနေကလည်း ပုံသေတွက် လို့မရပါဘူး။ ရွှေရမှုစိုက်မယ်ဆိုတဲ့ တောင်သူတွေအတွက် သတင်းစကားကတော့ သေချာတဲ့မျိုးက ဒီနှစ်မပြောရဲတော့ပါဘူး။ တောင်သူတွေကလည်း မျိုးကွဲတွေနဲ့နပန်းလုံးရဦးမယ့်အခြေအနေပါ။ ဒီနှစ်တော့ မျိုးကွဲထဲက ထိုးဖောက်ထွက်လာမယ့်

မျိုးကိုသာ မျှော်လင့်ရင်းရှာဖွေရင်းတွေ့ကြေဆဲပါဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က ပြောသည်။

တစ်နှစ်ထက်တစ်နှစ် ဖရဲနှင့်သခွားမွှေးစိုက်ပျိုးသည့် ဧရိယာကျယ်ပြန့်လာသော်လည်း မျိုးစေ့ရရှိမှုမှာ နည်းပါးနေသေး၍ နှစ်စဉ်မျိုးပြတ်လပ်သည့် ပြဿနာကို တောင်သူတိုင်းခံစားနေရခြင်းဖြစ်သည်။ တစ်ဖက်က မျိုးဈေးကွက်ကို ထိန်းထားတဲ့ သဘောပါ။ မျိုးစေ့က နိုင်ငံတော်ဘက်က အလားသဏ္ဍာန်တူတဲ့ မျိုးစေ့တွေ ကျယ်ကျယ်ပြန့်ပြန့်သုတေသနလုပ်ပြီး ထုတ်ဖို့ လိုမယ်။ အခုက အသွင်အပြင်တူတဲ့မျိုးရှိပေမယ့် ဈေးကွက်ဝေစုမရဘူး။ အထွက်နှုန်းမကောင်းဘူး။ အရည်အသွေးလည်း မမီဘူး။ အလားသဏ္ဍာန်တူတဲ့မျိုးဖြစ်ပေမယ့် ဘာမှမကောင်းတော့ တောင်သူကမစိုက်ကြဘူး။ ဖရဲမျိုးစေ့လိုအပ်ချက်က ပိုများသလို သခွားမွှေးရဲ့မျိုးစေ့လိုအပ်ချက်က ပိုကြီးမားနေတယ်။ ဆင်ရွေးမျိုးစေ့က လိုချင်သလိုမရဘူး။ ဒီတစ်ခုပဲ ဈေးကွက်မှာက ဝေစုရတဲ့မျိုးဖြစ်နေတယ်။ တောင်သူက မြေသာပြင်ထားတာ မျိုးစေ့လက်ထဲမရောက်ကြသေးဘူးဟု ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူ ဦးဝင်းနိုင်ကျော်ကအကြံပြုသည်။ စက်တင်ဘာလအတွင်း စတင်စိုက်ပျိုးသူများရှိသကဲ့သို့ နိုဝင်ဘာလတွင်လည်း စိုက်ပျိုးသူများရှိပြီး မျိုးစေ့လိုအပ်ချက်များခြင်းကြောင့် ယခုနှစ်တွင် မျိုးဈေးနှုန်းများ မြင့်တက်နိုင်ကြောင်းလည်း သုံးသပ်မှုများရှိနေသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2415832985197540/?type=3&theater

## Thura News Views

**China-Myanmar high speeds railway route planned**

Myanma Railways has decided on a route for a high speed railway linking Mandalay with Muse on Myanmar's northern border. It could dramatically increase access between the two countries. The route will begin in Amarapura, just south of Mandalay, and pass through 11 townships. These includes Pyin Oo Lwin and Hsipaw, U Htay Hlaing, deputy general manager of Myanma Railways, told The Myanmar Times. The route will span 414 kilometers and take three hours from start to finish. Myanma Railways said, the run-time is down from the previous travel time of 15 hours. The railway project is part of the ongoing China-Myanmar Economic Corridor project, a key component of China's Belt and Road Initiative. It aims to create a trade route spanning from China to west Asia and eastern Europe. The project has been in the works since October 2018, when the Ministry of Transport and Communications green-lit a feasibility study from the China Railway Eryuan Engineering Group. According to a Myanmar Times report, the line will have 36 stations and cost roughly US$7 billion.

With this announcement, the railway project seems on schedule for completion, although recent violence has threatened cities that lie along the new path, including the town of Hsipaw, from which more than 50 tourists were recently evacuated. In the past, ambitious transportation routes have proven to be flash-points for conflict with armed ethnic groups. When improvements began on the highway linking Yangon and Mae Sot, Thailand, for exam-ple, tensions increased between the union government and armed Kayin

militias, who began extracting tolls from travelers.

Whether or not the railway project will lead to new conflict remains to be seen. For now, Myanma Railways cannot even begin construction until it completes a social environmental impact study. The completion date could be years away from commencement.

**Crops flood damage down from last year**

Myanmar crops suffered less damage from monsoon flooding this year, U Myo Tint Tun, deputy permanent secretary of the Ministry of Agriculture, Livestock and Irrigation said. Myo Tint Tun claimed that although 728,000 hectares of farmland were affected and around 16,000 destroyed. That number represents only a fraction of the damage seen in last year's monsoon season. "Last year, over 445,000 hec-tares were flooded, and in Kayin, Mon, and Bago, 161,000 hectares of crops were destroyed. It means crop damage this year is a tenth of the previous year," he said.

Seasonal flooding is a yearly dread for Myanmar's agriculture sector, which accounts for almost 40% of the nation's GDP. Farmers in and around the Ayeyarwady River delta grow the highest quantities of rice and other staple crops. They also bear the brunt of the flooding, exacerbated by the region's high poverty and poor infrastructure.

Despite the relatively low crop damage, the human toll is as high as ever. As of August 13th, 97,000 people were remained displaced, according to the latest data from UNOCHA. This week, the official death toll from a devastating landslide in Mon State rose to 75. More are feared to be trapped under the debris.

**Tanintharyi airport invites tender bids for upgrade project**

Myanmar's Department of Civil Aviation (DCA) put out a request for tender proposals last week to upgrade the Tanintharyi Airport. The aim is to renovate and expand the Kawthaung airport in the southern region of Tanintharyi. The DCA is searching for both independent investors and partner shareholders to construct and maintain runways, warehouses, terminals and other infrastructure. The contract terms could extend to 30 years, with the option to renew for an additional 10 years, according to a Myanmar Times report. The search for new investors follows the collapse of a major $36 million tender awarded to Golden Myanmar Airlines.

Kawthaung airport is a main port of entry for the Tanintharyi Region, home of both the Dawei Special Economic Zone and several holiday destinations. The government is promoting the region as it works to revitalize the struggling tourism industry. Dawei, in particular, while boasting some of the most attractive beaches in Southeast Asia, is relatively underdeveloped and difficult to access.

**Source: Thura Swiss News (Issue 379 Aug 22, 2019)**



TIR

# STOCK EXCHANGE (23.8.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Aug. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 410 | 4,763,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 8,727 | 35,780,700 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | +0 | +0.00% | 25,000 | 25,000 | 25,000 | 0 | 0 | 2,472,053 | 61,801 |
| TMH | 00005 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,000 | 469 | 1,416,400 | 12,823,224 | 39,752 |

As of 23rd Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 492.13 | +0.47 | +0.10% | 491.66 | 492.13 | 481.30 | 9,606 | 41,960,100 | 5 | 673,884 |

### Index chart




## Market Overview

As of 12:00 pm, 23rd Aug. 2019

| MYANPIX | 481.30 ▼ 10.36 |
|---|---|
| Total Volume (shares) | 8,859 |
| Total Value (MMK) | 38 mil |
| Listed Company | 5 |
| Market Cap. (MMK) | 659,046 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 4,100 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▲ 0 |
| TMH | 00005 | 3,000 | ▼ 50 |